## (၅၆) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး

## အကြောင်းအရာ (၄)။ ။ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံချက်အပေါ် အပြန်အလှန်ဆွေးနွေးမှု။

**Asian Forum for Human Rights and Development (FORUM-ASIA) ကိုယ်စား ဒေါ်ခင်ဥမ္မာ၏ နှုတ်ဖြင့် တင်ပြချက်**

၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့

လေးစားရပါသော ဥက္ကဋ္ဌကြီး ရှင့်

အာဏာသိမ်းရေး ကြိုးပမ်းမှုနှင့်ဆက်စပ်၍ ကျား-မအခြေပြု သက်ရောက်မှုနှင့်ပတ်သက်သည့် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာတင်ပြချက်ကို မိမိတို့မှ ထောက်ခံကြိုဆိုသည်။ မြန်မာစစ်အုပ်စုသည် ရိုဟင်ဂျာများနှင့် အခြားသော လူနည်းစုတိုင်းရင်းသားများအပေါ် မုဒိမ်းကျင့်ခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ်အသုံးချပြီး စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေခဲ့သည်ကို မြန်မာနိုင်ငံရှိ တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းများက ၂၀၀၀ ခုနှစ် အစောပိုင်းနှစ်များ ကတည်းက ကောင်းမွန်စွာ မှတ်တမ်းတင်ထားကြပြီး ကျယ်ကျယ်ပြန့်ပြန့် အစီရင်ဖော်ထုတ်ခဲ့ကြသည့်အပြင် ၂၀၁၉ ခုနှစ်တွင်လည်း ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (UN Fact-Finding Mission for Myanmar – FFM) က အလားတူ လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ထိရောက်သော အရေးယူဆောင်ရွက်မှု မရှိခြင်းနှင့် နိုင်ငံတကာဥပဒေကို လျစ်လျူရှုပြီး ဆယ်စုနှစ်ပေါင်းများစွာ ပြောင်ပြောင်တင်းတင်းချိုးဖောက်နေသည့် မြန်မာစစ်တပ်အား တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းတို့က ၎င်းကို ပိုမို အတင့်ရဲလာစေပြီး ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျူးလွန်မှုများကို မျက်မြင်ကြုံတွေ့နေရပြီး ဖြစ်သည်။

အာရက္ခတပ်တော် (Arakan Army - AA)နှင့် မြန်မာစစ်တပ်တို့အကြား ပြင်းထန်နေသည့် တိုက်ပွဲများသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်း အားလုံးအပေါ် ဆိုးရွားလှသော ဆိုးကျိုးသက်ရောက်မှုများ ရှိနေသည့် တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအပေါ် ကျူးလွန်နေသည့် အာရက္ခတပ်တော်၏ လုပ်ဆောင်မှုများသည် ဘိုးဘွားပိုင်မြေပေါ်မှ ၎င်းတို့၏ တည်ရှိမှုအပေါ် ထပ်မံ ခြိမ်းခြောက်နေသည်။

ယင်းအခြေအနေသည် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှု ကျူးလွန်သူအားလုံးမှ တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး အရေးတကြီး လုပ်ဆောင်ရန် လိုအပ်ကြောင်း မီးမောင်းထိုးဖော်ပြနေသည်။

မြန်မာပြည်သူများ၏ တော်လှန်ရေး အသာစီးရလာနေသည့်တစ်ချိန်တည်းတွင် မြန်မာစစ်တပ်မှာမူ တစ်ဟုန်ထိုး ကျဆုံးနေလျက်ရှိသည်။ စစ်အုပ်စုကို အောင်နိုင်ရေး လုပ်ဆောင်နေသည့် ပြည်သူများ၏ စွန့်လွှတ်အနစ်နာခံမှုများသည် တိုင်းပြည်ကို ၂၀၂၁ ခုနှစ်မတိုင်မီ ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ပြန်ရောက်ရေး လုပ်ဆောင်နေခြင်း မဟုတ်ပေ။ သို့ရာတွင် ဤတော်လှန်ရေးဖြင့် မြန်မာနိုင်ငံသစ်ကို တည်ဆောက်ရာတွင် စစ်အုပ်စုကို ဆန့်ကျင်တော်လှန်နေသည့် တော်လှန်ရေးလုပ်ဆောင်နေသူများ အားလုံးအနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရန် လိုအပ်သည်။

ဤအချိန်ကာလသည် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုများနှင့် အပြစ်ဒဏ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်နေမှု သံသရာကို အဆုံးသတ်ရန် လက်မလွှတ်သင့်သော၊ လက်လွှတ်၍မရသော အရေးကြီးသည့် အခွင့်အရေး ဖြစ်သည်။ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော လူမျိုးသုဉ်းသတ်ဖြတ်မှုများ အပါအဝင်၊ နိုင်ငံတဝှမ်းတွင် ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရန် မြန်မာစစ်တပ်အပေါ် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အထူးကိုယ်စားလှယ်၏ တောင်းဆိုချက်ဖြစ်သော ရောမစာချုပ် အပိုဒ် ၁၄ ပါအချက်အရ မြန်မာနိုင်ငံအခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (International Criminal Court - ICC) သို့ လွှဲပြောင်းပေးရန် ဆိုသောအချက်ကို မိမိတို့မှ ထပ်လောင်းတောင်းဆိုလိုက်သည်။

မြန်မာတော်လှန်ရေးအဖွဲ့အစည်းများမှ နိုင်ငံတကာဥပဒေများအားကို လေးစားလိုက်နာမှု ရှိစေရန်၊ အရပ်သားပြည်သူများကို အကာအကွယ်ပေးရန်၊ မြန်မာစစ်တပ်အား ဖြိုချဖျက်သိမ်းရေး ကြိုးပမ်းမှုများမှ တစ်ဆင့် တရားမျှတမှုနှင့် တာဝန်ခံမှု တာဝန်ယူမှု ရှိလာစေရေးအတွက် သေချာစွာလုပ်ဆောင်ရန်၊ နှင့် အားလုံးပါဝင်မှုရှိပြီး တန်းတူညီမျှမှုနှင့် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီကို ထူထောင်မည့် ၎င်းတို့၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပံ့ပိုးကူညီပေးရမည် ဖြစ်သည်။

ကျေးဇူးတင်ပါသည်။